**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့**


တယ်လီဖုန်း ၉၅-၁-၅၃၉၆၃၅
၉၅-၁-၅၃၆၇၅၈
Fax. ၉၅-၁-၅၃၉၆၃၅

စိန်ရတု ပထမထပ်
ရန်ကုန်တက္ကသိုလ်နယ်မြေ၊
ပြည်လမ်း၊ တက္ကသိုလ်စာတိုက်၊
ရန်ကုန်မြို့။


စာအမှတ်၊ ဝ/သ-ပညာရှင်/သုတေသနစာတမ်း/၂၀၂၃ (၈၄၃)

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ ကြီးမှူးကျင်းပမည့် (၂၃) ကြိမ်မြောက် သုတေသနညီလာခံ၌ ဖတ်ကြားမည့် သုတေသနစာတမ်းများတင်သွင်းရမည့် နောက်ဆုံးရက် တိုးမြှင့်သတ်မှတ်ခြင်း။**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ၂၇-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ဝ/သ ပညာရှင် (သုတေသနစာတမ်း)၊ ၂၀၂၃(၀၃၄)

၁။ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ ကြီးမှူးကျင်းပမည့် (၂၃) ကြိမ်မြောက် သုတေသနညီလာခံ၌ ဖတ်ကြားမည့် သုတေသနစာတမ်းများကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်၊ ကြာသပတေးနေ့ နောက်ဆုံးထားတင်သွင်းရန် ရည်ညွှန်းချက်ပါစာဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ ဖိတ်ခေါ်စာ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်အရ စာတမ်းတင်သွင်းရမည့် နောက်ဆုံးရက်ကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်၊ သောကြာနေ့** အထိ တိုးမြှင့်သတ်မှတ်ကြောင်း အကြောင်းကြားပါသည်။

၃။ ဤစာကို သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများက မိမိတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခ/ဌာနမှူးများအား ထပ်ဆင့်အသိပေးပါရန်နှင့် ဘာသာရပ်အသီးသီးမှ သုတေသီများအားလည်း စာတမ်းများပြုစုနိုင်ရေး နှိုးဆော်တိုက်တွန်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၅-၉-၂၃

ဒေါက်တာသက်လွင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

**ဖြန့်ဝေခြင်း-**

၁။ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ
၂။ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန

**မိတ္တူကို-**

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ
၃။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

တယ်လီဖုန်း ၉၅-၁-၅၃၉၆၃၅
၉၅-၁-၅၃၆၇၅၈
Fax ၉၅-၁-၅၃၉၆၃၅

စိန်ရတု ပထမထပ်
ရန်ကုန်တက္ကသိုလ်နယ်မြေ၊
ပြည်လမ်း၊ တက္ကသိုလ်စာတိုက်၊
ရန်ကုန်မြို့။

စာအမှတ်၊ ၀/သ-ပညာရှင်/ပညာရှင်အဖွဲ့ဆု/၂၀၂၃ (**၀၈၄**)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်

အကြောင်းအရာ။ **(၁၇) ကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆုအတွက် ပါရဂူဘွဲ့ကျမ်းနှင့် သုတေသနလုပ်ငန်း အစီရင်ခံစာများတင်သွင်းရမည့် နောက်ဆုံးရက်ထပ်မံတိုးမြှင့် သတ်မှတ်ခြင်း။**

ရည်ညွှန်းချက်။ (၁)မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ၂၇-၄-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၀/သ- ပညာရှင်/ ပညာရှင်အဖွဲ့ဆု/၂၀၂၃(၀၃၅)
(၂)မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ ၁၈-၈-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၀/သ- ပညာရှင်/ ပညာရှင်အဖွဲ့ဆု/၂၀၂၃(၀၈၂)

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (Academy Award) ချီးမြှင့်နိုင်ရေးအတွက် **၂၀၂၂ ခုနှစ် ပြက္ခဒိန်နှစ်**တွင် ပါရဂူဘွဲ့ရရှိသူများ၏ ပါရဂူဘွဲ့ကျမ်းနှင့် သုတေသန လုပ်ငန်းအစီရင်ခံစာများကိုတင်သွင်းရန် ရည်ညွှန်းချက် (၁) ပါစာဖြင့် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ ရည်ညွှန်းချက် (၂)ပါ စာဖြင့် ပါရဂူဘွဲ့ကျမ်းနှင့် သုတေသနလုပ်ငန်း အစီရင်ခံစာများ တင်သွင်းရမည့် နောက်ဆုံးရက်ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်၊ ကြာသပတေးနေ့အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၃။ ပါရဂူဘွဲ့ကျမ်းနှင့် သုတေသနလုပ်ငန်းအစီရင်ခံစာများ တင်သွင်းလိုသည့် ပါရဂူဘွဲ့ရ သုတေသီများ မကျန်ရှိစေရေးအတွက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်အရ ပါရဂူကျမ်းများ တင်သွင်းရန် နောက်ဆုံးရက်ကို **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်၊ သောကြာနေ့** အထိ ထပ်မံတိုးမြှင့်သတ်မှတ်ကြောင်း အကြောင်းကြားပါသည်။

၄။ ဤစာကို သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများက မိမိတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခ/ဌာနမှူးများအား ထပ်ဆင့်အသိပေးပါရန်နှင့် **၂၀၂၂ ခုနှစ်၊ ပြက္ခဒိန်နှစ်**တွင် ပါရဂူဘွဲ့ရရှိသူများအား ဆော်ဩတိုက်တွန်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါက်တာသက်လွင် ၁၅-၉-၂၃
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့

**ဖြန့်ဝေခြင်း-**

၁။ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ
၂။ ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန

**မိတ္တူကို-**

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ
၃။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်